“အသံ”

# ကမ္ဘာကြီးသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” စီမံကိန်းကြောင့် ပိုမိုတောက်ပကောင်းမွန်နိုင်

“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တိုက်တွန်းချက်တင်ပြခဲ့သည့် ၃နှစ်အတွင်း မီးပွားလေးမှ တောမီးအဖြစ်တောက်လောင် လာသကဲ့သို့ ကမ္ဘာ့အတွက်များစွာ ဩဇာလွှမ်းမိုးစေနိုင်သည်။ ပထမအချက်မှာကမ္ဘာ့စီးပွားရေး အကျပ်အတည်းမှ ရုန်းထွက်လာစေရန် လမ်းညွှန်ပေးနိုင်သည်။

၂၀၁၆ ခုနှစ်ဩဂုတ်လ ၁၇ရက်တွင် တရုတ်သမ္မတကြီးရှီကျင့်ဖျင်က “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တည်ဆောက်ရေးဆိုင်ရာဆွေးနွေးပွဲ၌ မိန့်ခွန်းပြောကြားရာတွင် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”တည်ဆောက်ရေးကို အခွင့်ကောင်းယူပြီးနိုင်ငံဖြတ်ကျော် အပြန်အလှန်ချိတ်ဆက်ရန်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရန် အဆင့်အတန်းများမြှင့်တင်ခြင်း၊ နိုင်ငံတကာကုန်ထုတ်စွမ်းအားနှင့် စက်ပစ္စည်းများ ထုတ်လုပ်မှုပူးပေါင်းဆောင်ရွက်ရန် တွန်းအားပေးခြင်းတို့၏ အနှစ်သာရမှာ အရာရောက် ထောက်ပံ့မှုကိုမြှင့်တင်ခြင်းအားဖြင့် လိုအပ်ချက်သစ်များကို ဖြစ်ပေါ်လာစေကာ ကမ္ဘာ့စီးပွားရေးကိုပြန်လည်ဟန်ချက်ညီအောင်ဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ကမ္ဘာ့စီးပွားရေး ဆက်လက်နိမ့်ပါးနေသည့် လက်ရှိအခြေအနေ အောက်တွင် လွန်ခဲ့သည့် ကာလပတ်လုံး၌ ဖြစ်ပေါ်ခဲ့သည့်ကြီးမားလှသော ကုန်ထုတ်စွမ်းအားနှင့်တည်ဆောက်ရေး စွမ်းဆောင်ရည်များအားပြည်ပနိုင်ငံများသို့ လျှောက်လှမ်းသွားစေပြီးလမ်းတစ်လျှောက်ရှိ နိုင်ငံများ၏ စက်မှုထွန်းကားရေး၊ ခေတ်မီရေး၊ အခြေခံအဆောက်အအုံ အဆင့်အတန်းမြှင့်တင်ရေးစသည့် လိုအပ်ချက်များကို ထောက်ခံအားပေးနိုင်ပါက ကမ္ဘာ့စီးပွားရေးအခြေအနေတည်ငြိမ်စေရန်အတွက် အကျိုးဖြစ်ထွန်းနိုင်ပါကြောင်း ပြောကြားသွားသည်။

ဒုတိယအချက်မှာကမ္ဘာ့နိုင်ငံအသီးသီးတို့မှအရှေ့တိုင်းသို့ မျက်နှာပြု၍တရုတ်နိုင်ငံကိုတဖွဲဖွဲအတုယူကြသည်၊ မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီစေသောဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကျင့်သုံးသည့် နိုင်ငံမှာများသထက်များလာနေသည်။ လက်ရှိတွင်နိုင်ငံနှင့်နိုင်ငံတကာ အဖွဲ့အစည်း (၁၀၀)ကျော်တို့သည် “ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု”စီမံကိန်းထဲသို့ ပါဝင်လာပြီးဖြစ်သည်။ တရုတ်နိုင်ငံသည်လမ်းတစ်လျှောက်ရှိ နိုင်ငံ(၃၀)ကျော်နှင့် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” စီမံကိန်းကို အတူတကွဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ နိုင်ငံ(၂၀)ကျော်နှင့် နိုင်ငံတကာကုန်ထုတ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်။ ကုလသမဂ္ဂစသည့်နိုင်ငံတကာ အဖွဲ့အစည်းများကလည်းတက်ကြွသောသဘောထားဖြင့်AIIB၊ ပိုးလမ်းမကြီး ရန်ပုံငွေစသည့် ကိုယ်စားပြုသောငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အဆက်မပြတ်နက်ရှိုင်းလာနေပြီး အရှိန်အဝါကြီးမားသော၊အမှတ်လက္ခဏာ ပြုလောက်သော စီမံကိန်းတစ်သုတ်ကို တစတစလက်တွေ့ဖော်ဆောင် နေဆဲဖြစ်သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းသည် မရှိသည်မှရှိသည်အထိ၊ ဗွိုင့်တစ်ဗွိုင့်မှမျက်နှာပြင်အထိ တိုးတက်လာပြီး တိုးတက်မှုနှုန်းနှင့် အောင်မြင်မှုရလဒ်များမှာ ယခင်မျှော်မှန်းထားသည်ထက် များစွာကျော်လွန်လာသည်။ တရုတ်နိုင်ငံသည် မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း တစ်ကြောင်းကို ရှာတွေ့ရသဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်။ အခြားနိုင်ငံများကလည်း အနောက်တိုင်းနိုင်ငံ၏ တန်ဖိုးထားမှုအမြင်နှင့် ဝါရှင်တန်သဘောတူညီချက်၏ အယူသည်းမှုထဲမှ ရုန်းထွက်လာနေပြီး မိမိနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို စတင်စူးစမ်းလေ့လာကြတော့သည်။

တတိယအချက်မှာ ဂလိုဘယ်လိုက်ဇေးရှင်းစနစ် ဆက်လက်ကျင့်သုံးရန် ယုံကြည်စိတ်ထက်သန်စေပြီး အားလုံးပါဝင်သော ကမ္ဘာ့စီးပွားရေးကို တည်ထောင်နိုင်ခဲ့သည်။ လက်ရှိတွင် အနောက်တိုင်းနိုင်ငံများ၏ စီးပွားရေးပမာဏသည်ကမ္ဘာ့စီးပွားရေးပမဏစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းမျှ မပါနိုင်ဘဲ ဂလိုဘယ်လိုက်ဇေးရှင်း၏ အဓိကအင်ဂျင်စက် မဟုတ်တော့ပေ။ နိုင်ငံတကာ ငွေရေးကြေးရေး အကျပ်အတည်းဖြစ်ပွားပြီးသည့်နောက် တရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံးရှိ ကုန်ထုတ်လုပ်ငန်းဖွံ့စည်းမှု၏ အရေးပါသော ထောက်ပံ့ရေးအင်အားဖြစ်လာခဲ့သည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” စီမံကိန်းတည်ဆောက်ရာတွင် တရုတ်နိုင်ငံသည်တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအမြန်ရထား၊ ကားကြုံကို စီးနင်းလိုက်ပါရန် အဖက်ဖက်ကို ကြိုဆိုပါသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုထဲ ပါဝင်လာရန်ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးများကို ကြိုဆိုပါသည်။ “ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု” စီမံကိန်းသည် လမ်းတစ်သွယ် တည်းသာမဟုတ်ဘဲအသွယ်သွယ်ရှိသည်။ အားလုံးပါဝင်ခွင့်ရှိသည်။ ယင်းသည် တံခါးဖွင့်သော၊ အားလုံးပါဝင်နိုင်သော စီမံကိန်းကြီးဖြစ်သည်။

အချို့သောနိုင်ငံများက “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” စီမံကိန်းအပေါ်ထင်မြင်ယူဆထားခြင်းမှာ စောင့်ကြည့်ခြင်းမှ တုံ့ပြန်ခြင်းသို့ ပြောင်းလဲသွားခဲ့သည်။ ပြီးခဲ့သည့်(၃)နှစ်အတွင်း “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”မှ ရရှိထားသော အောင်မြင်မှုရလဒ်များမှာ မမျှော်လင့်ဘဲ များပြားလှပြီး ပြည်တွင်းပြည်ပမှတက်ကြွစွာ ပါဝင်လာတော့သည်။ တရုတ်နိုင်ငံက “ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု” စီမံကိန်းကို မိမိကိုယ်ကိုယ်ယုံကြည်စိတ်နှင့် အသိစိတ်တို့ဖြင့် တည်ဆောက်လိုက်ခြင်းသည် ယင်းစီမံကိန်းကြီးထဲပါဝင်လာရန်အခြားသော နိုင်ငံနှင့်ဒေသများကို ဆွဲဆောင်လျက်ရှိနေသည်။

သတင်းဆောင်းပါး - ဝမ်ရီဝေ




## “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု • ရောင်စုံယူနန်” နိုင်ငံတကာမော်တော်ယာဉ်ဆွဲအားပြိုင်ပွဲကို ကူမင်းမြို့မှ စတင်ထွက်ခွာ

စက်တင်ဘာလ ၂၆ရက်နံနက်တွင် ၂၀၁၆ခုနှစ် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု • ရောင်စုံယူနန်” နိုင်ငံတကာ မော်တော်ယာဉ်ဆွဲအားပြိုင်ပွဲကို ကူမင်းနိုင်ငံတကာကွန်ဗင်းရှင်းစင်တာမှ စတင်ထွက်ခွာခဲ့သည်။

ယခုအကြိမ်ဆွဲအားပြိုင်ပွဲကိုယူနန်ပြည်နယ် အားကစားရေးရာ ဦးစီးဌာန၊ ယူနန်ပြည်နယ် အရှေ့တောင်အာရှ၊တောင်အာရှစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသမဂ္ဂတို့မှ ကြီးမှူးကျင်းပ၍ ပေကျင်းကောင်းတယ် အားကစားယဉ်ကျေးမှု အစုရှယ်ယာကုမ္ပဏီလီမိတက်မှ တာဝန်ယူကျင်းပခြင်းဖြစ်သည်။ ဆွဲအားပြိုင်ပွဲဝင်ယာဉ်တန်းတွင် hardcore off ကား (၄၅)စီးပါဝင်ပြီးပြိုင်ပွဲဝင်လက်ရွေးစင်၊ ကုန်သွယ်ရေးကိုယ်စားလှယ်၊ မီဒီယာသတင်းသမားနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ ဝန်ထမ်းစုစုပေါင်း (၁၄၀)ကျော်က ပါဝင်ခဲ့ကြသည်။ ပြိုင်ပွဲအတွက် သတ်မှတ်သော ခရီးစဉ်မှာ လာအို၊ မြန်မာ၊ ထိုင်း၊




မလေးရှားနှင့် စင်္ကာပူစသည့်နိုင်ငံများကို ဖြတ်သန်းသွားမည်ဖြစ်သည်။ စုစုပေါင်းခရီးတာမှာ ကီလိုမီတာ(၈၀၀၀)ခန့်ရှိပြီး ရက်ပေါင်း(၁၉)ခန့် ကြာမည်ဖြစ်သည်။ အောက်တိုဘာလ ၁၄ရက်တွင် ကူမင်းမြို့သို့ပြန်လည်ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ခရီးတစ်လျှောက်တွင် မော်တော်ယာဉ်များစုဝေးပြိုင်ပွဲ၊ ဆွဲအားပြိုင်ပွဲနှင့် သတ်မှတ်ကွင်းပြင် ပြိုင်ပွဲများကိုလည်း စည်းရုံး၍ အကြိမ်ကြိမ်ကျင်းပသွားမည်ဖြစ်သည်။ ၎င်းအနက်လာအို၊ ထိုင်း၊ မလေးရှားနိုင်ငံတို့၌ ကျင်းပမည့်ပြိုင်ပွဲများတွင် ယင်းပြိုင်ပွဲသို့ ပါဝင်တက်ရောက်စေရန်ဒေသခံလက်ရွေးစင်များကို ဖိတ်ခေါ်ပြီးပြည်တွင်းပြည်ပမှ လက်ရွေးစင်များ အပြန်အလှန်ဖလှယ်စေရန် စည်းရုံးသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါပြိုင်ပွဲတွင် အားကစားယဉ်ကျေးမှု ဖလှယ်ပွဲကို ကယ်ရီယာအဖြစ်ထား၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများကို တွန်းအားပေးစေမည်ဖြစ်သည်။ မလေးရှားနိုင်ငံကွာလာလမ်ပူမြို့၊ ထိုင်းနိုင်ငံဘန်ကောက်မြို့၊ လာအိုနိုင်ငံဗီယက်ကျင်းမြို့စသည့် ဒေသများတွင် ကုန်သွယ်ရေးဆိုင်ရာကမ်းလှမ်းပွဲအကြိမ် ကြိမ်ကျင်းပသွားရန်စီစဉ်ထားသည်။ ခရီးတစ်လျှောက်ရှိ အလေးပေးစီးပွားရေးစီမံကိန်းများကို ကွင်းဆင်းလေ့လာပြီး ဖလှယ်သွားမည်ဖြစ်သည်။

**ဆွဲအားပြိုင်ပွဲခရီးစဉ် –**

**အသွားခရီး။** ကူမင်း-ကျင်ဟုန်-မော်ဟန်း-မော်တင်(လာအို)-ဟွေစိုက်(လာအို)-ချင်းစိန်(ထိုင်း)-တာချီလိတ်(မြန်မာ)-ချင်းစိန်(ထိုင်း)-ဆူခေါ်ထိုက်(ထိုင်း)-ဟွာရှင်း(ထိုင်း)-ဟော်အိုက်(ထိုင်း)-ကွာလာလမ်ပူ(မလေးရှား)-စင်္ကာပူ။

**အပြန်ခရီး။** စင်္ကာပူ-ကွာလာလမ်ပူ(မလေးရှား)-ပင်ချိန်(မလေးရှား)-ဟော်အိုက်(ထိုင်း)-ချွင်ဖုန်(ထိုင်း)-ဘန်ကောက်(ထိုင်း)-ဝူလုံ(ထိုင်း)-လန်ခိုင်(ထိုင်း)-ဗီယက်ကျင်း(လာအို)-ဝမ်ယုံ(လာအို)-လွမ်ပရာဘွမ်(လာအို)-မော်တင်(လာအို)-မော်ဟန်း-ကျင်ဟုန်-ကူမင်း။

သတင်းထောက် - ကျူဟုန်ပင်း